# ABCUSA Call to Prayer for Myanmar 2021

## A Prayer for Burma

God of love and justice, and the creator of all,

We come to you with our broken heart:

> Our country, Myanmar, has been under a military coup d'etat since February 1, 2021.
>
> Our leaders, President U Win Myint, and State Counsellor Daw Aung San Suu Kyi and many others, have been detained unjustly.

Lord, we pray that you will bring down justice to free our leaders, remove the military from power, and retore Democracy in the country. We ask that you protect their safety and wellbeing in the detention centers.

We come to you, O Lord, with our pain:

> Our friends, families and civilians in Myanmar are living in worries daily. Their days are full of asking in action to respect their votes, retore Democracy, free our leaders and participate in the Civil Disobedience Movement (CDM) on the street.
>
> Their nights are full of terror by prisoners, who were released when the demonstrations began. People are having many sleepless nights to protect each other from these prisoners, who are drugged and given the mission of setting fires in many districts in the cities.

Lord, we pray that you will bring your care and send all the messengers, such as the US Army and UN human rights watchers, to protect all citizens of Myanmar with saving actions.

We come to you, O Lord, full of grief:

> Our children (especially poor children) are in danger. They are used by this military in Myanmar. Some of them are bought from their poor parents; some of them are kidnapped by the military, to do violence against civilians in Myanmar.

Lord, we cry to you that you will bring love to these poor children. Please send UNICEF to protect our children from this military.

We come to you, O Lord, to heal our land:

> The military and police brutalities are enormous in the country. Three peaceful protestors have been killed, and many civilians are injured.

God of healing, we ask that you stop this brutality by the military and police. We ask that you give your divine comfort to the families who lost their loved ones, and heal the people, who are wounded physically and mentally.

God of justice, give courage, wisdom and strength to the peaceful protesters in the CDM. Be with them, and walk with them in every step, so that justice will be revealed among the unjust things.

Grant us love, peace and justice. We ask all these things in the name of our Lord, Jesus Christ, Amen.

*By Dr. May May Latt*
*Milwaukee Myanmar Christian Church, WI*

# မြန်မာပြည်အတွက် ဆုတောင်းချက်

ငြိမ်သပ်ခြင်း၊ တရားမျှတခြင်း နှင့် ပြည့်ဝ စုံလင်တော်မူသော ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်၊
ကျွန်ုပ်တို့၏ ကြေကွဲသော နှလုံးသားများနှင့် ကိုယ်တော်ထံတော်ပါးသို့
တိုးဝင်ချဉ်းကပ်လာပါတယ်၊
ကျွန်ုပ်တို့၏ မြန်မာနိုင်ငံ စစ်အာဏာရှင်သိမ်းယူပြီးသည့်အချိန်မှစ၍ မတရားစွာ
ချုပ်နှောင်ခံရသော နိုင်ငံတော် သမတကြီး ဦးဝင်းမြင့်၊ နိုင်ငံတော် အကြံပေး ပုဒ်ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်၊ နှင့် နိုင်ငံရေးခေါင်းဆောင်များ အားလုံး အတွက်ဆုတောင်းပါတယ်။

ဘုရားရှင် တရားမျှတမှုကို ကိုယ်တော်တိုင် ယူဆောင်လာလျှက် ချုပ်နှောင်ခံရသော နိုင်ငံ့
ခေါင်းဆောင် အားလုံးအား အမြန်ဆုံး လွတ်မြောက်ခြင်း အခွင့်ကိုပေးပါ၊ စစ်အာဏာရှင်အား
ကိုယ်တော်တိုင် ဖယ်ရှားပေးလျှက်၊ နိုင်ငံတော်အား ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့
ပြန်လည်ပို့ဆောင်ပေးတော်မူပါ၊
ချုပ်နှောင်ခြင်းခံရသူများ အားလုံး လုံခြုံခြင်း နှင့် ကျန်းမာရေး ရှိစေခြင်းငှာ
ကိုယ်တော်မစတော်မူပါ။

ကိုယ်တော်ထံတော်ပါးသို့ နာကျင်သော နှလုံးသားများနှင့်တိုးဝင်ပါတယ်၊
အခုချိန်တွင် ကျွန်ုပ်တို့၏မိတ်ဆွေ မိသားစုများ နှင့် မြန်မာနိုင်ငံသူနိုင်ငံသား အားလုံး
စိတ်ပူပန်ခြင်းများအောက်မှာနေနေရပါတယ်၊ ဆန္ဒမဲများ ပေးခဲ့ခြင်းကို အသိအမှတ်ပြုပေးရန်၊
ဒီမိုကရေစီပြန်လည်ရရှိရန်၊ နိုင်ငံခေါင်းဆောင်များပြန်လွှတ်ပေးရန်၊ CDM မှာပါဝင်ကူညီကြရန်၊
လူတိုင်း နေ့စဉ်နေ့တိုင်း ပါဝင်လှုပ်ရှား နေကြရပါတယ်။
ညအချိန်၌လည်း မိမိတို့အချင်းချင်းကူညီစောင့်ရှောက်ခြင်း၊ မကောင်းသော
အမှုအရာဖြစ်သည့် သူခိုးဓားပြ တို့ထံမှ ကာကွယ်ခြင်းများ တို့ကိုလဲ
လုပ်ဆောင်လျှက်ရှိပါတယ်၊ ဘုရားရှင် ကိုယ်တော်ဘုရားရဲ့ ကြည့်ရှုစောင့်မခြင်း ဂုဏာကို
ပြသပေး တော်မူပါ၊ မြန်မာ လူမျိုးများတောင့်တနေတဲ့ US စစ်တပ် နှင့် UN လူ့အခွင့်အရေး
စောင့်ကျပ် အဖွဲ့များ အားလဲ ကိုယ်တော် အလိုရှိခဲ့လျှင် အမြန်ဆုံးပို့ဆောင်တော်မူပါ။

အခုတဖန် ကိုယ်တော်ထံတော်ပါးသို့ ဝမ်းနဲခြင်း အပြည့်ဖြင့် ချဉ်းကပ်လာပါတယ်၊
ကျွန်ုပ်တို့ရဲ့ နောင်လာနောက်သား ကလေးသူငယ်များ အထူးသဖြင့် ဆင်းရဲခြင်းထံကို
ခံစားရတဲ့ ကလေး သူငယ်များအတွက် တောင်းခံချင်ပါတယ်၊
စစ်အာဏာရှင်၏ မတရားသိမ်းပိုက် ပြန်ပေးဆွဲခြင်းခံရတဲ့ကလေးများ ရှိသလို၊
သူ့တို့မိဘများ၏ ဆင်းရဲခြင်း ဒဏ်ကြောင့် ငွေ ဖြင့်လဲလှည်ခြင်းခံရသော ကလေးသူငယ်
မြောက်များစွာရှိပါတယ်၊ ကိုယ်တော် သူတို့ကို ကွယ်ကာပါ၊
အာဏာရှင်များ၏လက်ထဲမှာ ကလေးသူငယ်များဟာ ပြည်သူတွေ နေတဲ့ဒေသများကို မီးရှို့
ဖြတ်စီး ခြင်း လုပ်ငန်းများတို့ ကိုလုပ်ခိုင်းပါတယ်၊
ကျွန်ုပ်တို့၏ ငိုကြွေးသံကို နားညောင်း၍ ဤကလေးသူငယ်များအား ကာကွယ်ပေးသော
UNICEF ကိုလဲမြန်မာနိုင်ငံသို့အမြန်ဆုံး ရောက်ရှိစေခြင်းငှာ မစ တော်မူပါ။

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအား ကိုယ်တော်ရဲ့ ကယ်တင်ခြင်းကိုခံစားရပါမဲ့ အကြောင်း
တောင်းခံပါတယ်၊
အာဏာရှင်စစ်တပ်နှင့် ရဲများ၏ ပြင်းထန်သော လုပ်ရပ်များကြောင့် လူငယ်၃ ဦး
အသက်ပေးခဲ့ရပါပြီ၊ ဒ့ါအပြင် ဒါဏ်ရာရရှိသူ များစွာလဲရှိပြီ ဖြစ်ပါတယ်။
ကိုယ်တော်ဘုရား၏ ငြိမ်သပ်ခြင်း သည် တိုင်းပြည် ၏ ဒီမိုကရေစီပြန်လည် ရရှိခြင်း
လုပ်နေချိန် အာဏာရှင်လက်ထဲ၌ ဆုံးရှုံးခြင်း ခံရသော သားသမီးများ၏ မိသားစုများ
အပေါ် သက်ရောက်ပါမည့်အကြောင်း တောင်းခံပါတယ်။
ဒါဏ်ရာရရှိသောသူများ၏ အနာများကိုလဲ ကိုယ်တော် ကုပေးတော်မူပါ၊
ဆက်လက်ပြီး နိုင်ငံတော် အတွက် တိုက်ပွဲဝင်နေကြသော CDM အဖွဲ့သားများအားလုံး အား
ရဲရင့်ခြင်း၊ ဉာဏ်ပညာ၊ အစွမ်းသတ္တိနှင့် ခွန်အားများတို့ကို လဲ ဘုရားရှင် ပေးသနားတော်မူပါ။

ကိုယ်တော်၏ ချစ်ချင်း မေတ္တာ၊ ငြိမ်သက်ခြင်းနှင့် တရားမျှတခြင်းကို ချပေးမစသနားတော်မူပါ
မည့်အကြောင်း သခင်ယေရှု ခရစ်တော် ဘုရား ၏ နာမတော်တွင် ရှိသေလေးမြတ်စွာ
ဆုတောင်း ပါ၏။ အာမင်း။